http://www.yinmarbin.org

အမေရေရင်နတ်ချင်း/နတ်ပင့် နှင့် ရတု၊ တေးထပ်များ

## အမေရေရင်နတ်ချင်း(၁)

အမေရေရင် ဟော်နန်းထိပ်တင်၊ ဩော်... ရွှေလိုဥပါတဲ့၊ ရှုမဝတဲ့ ရွှေစင်၊တိုင်းတကာ့ဘုရင်၊မျိုးရိုးဇာတိမို့ပင်၊ ရန်သူပေါ်လာလျှင်၊ ချေမှုန်းထာဝဇဉ်၊ ဓားဘုရင် ကျားကိုစီးလို့ပင်၊ရွှေကိုလိုလျှင်၊ ဓားကိုသွေးကွယ်၊ ငွေကို လိုလျှင်၊ အမေ့ကျားကို ကျွေးကွယ်၊ ဓားသွေးသူ လူအများမှာ၊ ကျန်းမာ၍ ချမ်းသာစေသား၊ အမေရေရင်က ပို့သတဲ့ မေတ္တာပွား။ရွှေညာမြေက ယမားသူတဲ့၊ ဆပ်သွားဖူးနဲ့ ရေဦးသူတဲ့၊ ဆပ်သွားပင်နဲ့ ရေရင်သူတဲ့၊ ကြိမ်ပိုက်တောနဲ့ မျှော့တဲ့သူတဲ့၊နဂါးရုံနဲ့ မောင်းတုံသူတဲ့၊ ဆန်မနှော့တဲ့ ပြောင်းတောသူတဲ့၊ ကျားပြောက်ကယ် ရွှေဝါ၊ တစ်ပွင့်ကြာစီးတယ်လို့၊ လာကြိုကြပါလား၊ ငါနှင့်ပေါင်း၊ သမီးကောင်းနှင့်သားကောင်းတစ်တွေတို့။ မြွေပွေးရယ် မြွေဟောက်၊ လက်ကောက်သဖွယ်၊ ငါ အမေဝတ်ခဲ့တယ်၊ စပါးကြီး ခါးစီးခဲ့တယ်၊ စပါးအုံး ဆံထုံး ထုံးတဲ့မယ်တော်၊ မြွေမျက်ဆန် ထဘီနားမှာ သီကာတန်းလို့၊ မြွေပွေးမေဆင်မြန်းခဲ့လေတယ်၊ လူကိုပင်လဲ၊ လူ့သည်းကို ဆာပါဖုံးလို့၊သုံးတဲ့ မယ်တော်၊ နွားကိုပင်လဲ၊ နွားသည်းကို ဆာပါဖုံးလို့၊ သုံးတဲ့မယ်တော်၊ ဆင်ကိုပင်လဲ၊ ဆင်သည်းကို ဆာပါဖုံးလို့၊သုံးတဲ့မယ်တော်၊ အရိုးတွေ တောင်လို့ဖုံးလို့၊ အာဘော်ငယ်ကြမ်း၊ တော်ရှမ်းမတဲ့လေး။တောင်လို့ဖုံးလို့၊ အာဘော်ငယ်ကြမ်း၊ တော်ရှမ်းမတဲ့လေး။

## အမေရေရင်နတ်ချင်း(၂)

တစ်မြေပြင် နေသွေးလျှမ်း၊ ရွှေစင်နန်းတော်မဟာ၊ ရေရင်နန်းနဲ့ စံနန်းပေါ်မှာ၊ မျှော်ကာသာ ဆုတောင်း ၊ ပန်းရင်နှစ်၊မသွေခင်သော်၊ အမေရေရင်ကတော် ကြွလှမ်းပျော်ပါ့ဘုရား။(အမေရေရင် ဟော်နန်ဗွေတစ်ခွင်၊ ရွှင်ပျော်မြူးပါလို့၊ ထွန်းပတဲ့ အမေရေရင်) ၂ (တိုင်းတကာ့ဘုရင်၊ အမေက ဟော်နန်းထိပ်တင်၊ တိုင်းတကာ ဘုရင် မျိုးရိုးဇာတိမို့ပင်၊ ရာဇာအမှန်ပင်၊ ဓားပြင်ကျားကို စီးလို့နှင်)၂ ။(ဇာတိသွေးက အစဉ်သာ အလျင်မကြာ၊ သူတကာစမ်းရင်တော့ ကြမ်းပြမယ့် မယ်မယ်ပါနော်)၂(ဓားကိုပင် သွေးကာ၊ ကျားကိုပင် စီးကာ စီးကာ)၂ (အမေက ချေပနေမှာ)၂ ပဏ္ဏာသသူ သားသမီးများကို၊ အမေက မေတ္တာထား၊ ကျန်းမာ၍ ချမ်းသာကြပါစေသား။ (ဇာတိသွေးက တစ်မျိုးပ ယဉ်သာ၊ ရေရင်နန်းက ဟော်နန်းသူပါ)၂ (ရွှေလိုချင်ရင် ဓားကိုသွေးပါ၊ ငွေလိုချင်ရင် ဓားကိုသွေးပါ)၂ (အမေက ချေပနေမှာ)၂ ပဏ္ဏာသသူ သားသမီးများကို၊ အမေက မေတ္တာထား၊ ကျန်းမာ၍ ချမ်းသာ ကြပါစေသား။(တစ်မြေပြင်)၂ နေတွင်လျှမ်း ရွှေစင်နန်းက (တော်မဟာ)၂ (ရေရင်)၂ အမေရေရင်နန်းက၊ ပျော်မြန်းပါတဲ့ ဟော်နန်းသူပါ။(ရွှေလိုချင်ရင် ဓားကိုသွေးပါ၊ ငွေလိုချင်ရင် ဓားကိုသွေးပါ) ၂ အမေက ချေပနေမှာ၊ ပဏ္ဏာသသူ သားသမီးများကိုလှ၊ အမေက မေတ္တာထား၊ ကျန်းမာ၍ ချမ်းသာကြပါစေသား။

## အမေရေရင်နတ်ပင့်

အနောက်ပိုင်းတစ်ခွင်၌ အစိုးရသော၊ အမေဆည်ကတော်၊ အမေကင်းကတော်၊ မြောက်ဘက်ရှင်မ၊ ကတူးမယ်တော်၊ကျောက်စီဓားနှင့် အနောက်မိဘုရား၊ စေတနာမခမ်းတဲ့ အောင်ချမ်းသာ အမေဂျမ်း၊ ဆပ်သွားဖူးနှင့် ရေဦးသူ၊ ဆပ်သွားပင်နှင့်ရေရင်သူ၊ ကြိမ်ပိုက်တောနှင့် မျှော့တောသူ၊ အကြောင်း ဆုံးလို့၊ မောင်းတုံကနေ၊ ဖင်အောက်မှာကျား၊ လက်မှာဓားနှင့်၊မြွေပွေးမြွေဟောက်၊ငန်းခြောက် တစ်သွယ်၊ လူကိုပင်လဲ၊ လူသည်းစား၍၊ ကျားကိုပင်လဲ၊ ကျားသည်းစား၍၊မြွေရဲ့အရိုး၊ဆံထိုး ထိုးပြီး၊ စပါးကြီး စပါးအုန်း၊ ခေါင်းအုံးလုပ်ပြီး၊ အပြိုင်နှင့်အဆိုင်၊ အနိုင်ကို ပေးစွမ်းနိုင်တဲ့၊ ပညာသီးချ၊ ကြိုးခေါင်းရပ်ကအုပ်စိုး၍

http://www.yinmarbin.org

အတော်မသတ်နိုင်သော ပယောဂအားလုံးတို့နှင့်၊မကောင်းသည့်ဘက်၊ကြိုးစက်ကွင်းတွေ၊ဖယ်ရှင်းဖယ်ရှားပေးနိုင်သော၊ သပြေတင်ပါတဲ့၊ ဟော်နန်းထိပ်တင်၊ အမေရေရှင်နှင့် မယ်တော်အပေါင်း၊ ကြွစေကြောင်းဖြင့်၊ မေတ္တာရေလောင်း၊ ဆုတောင်းပတ္တနာ၊ ပြုကာသာဖြင့်၊ ပင့်ဆောင်ပါသည်၊ မယ်တော်မြတ်အပေါင်းတို့ ဘုရား။

## အမေရေရှင်နတ်ပင့်သီချင်း

ဘယက်ကယ်မှ သီဂီ၊ လွမ်းပြန်ငယ်စိမ်း၊ချိတ်ထဘီနဲ့၊သီဂီရယ်မှလက်ကောက်၊အဆင်းပြောင်ပြောင်၊ဝင်းရောင်တောက်ပါတဲ့၊ မြမြောက်ကယ်မူဟန်၊ ဖြစ်ပြန်သရုပ်၊ ရစ်တန်ငယ် ထုတ်ပါလို့၊ ဟုတ်တိုင်း ကိုပင်ပြန်ခဲ့မည်၊ သြော်…ပထမအစ၊ မဇ္ဈိမတွင်၊ ကန်တော့ဘွဲ့ခံ၊ မြေဇာစမုံ၊ အစုံအညီ၊ ကိုယ်စီ ကိုယ်ငှ၊ အုပ်စိုးကြသည်၊ အစ်မအကြီး၊ ငါးစီးဆင်ရ၊ယောရှင်မတဲ့၊ ညီမအလတ်၊ ဘွဲ့တော် ထွေထူး၊ မြေတူးရပ်က၊ သြဇာထွန်းတောက်၊သိဒ္ဓိရယ်အစုံ၊အကုန်ပေါက်ပါတဲ့၊မြောက်ဘက် ရှင်မတဲ့၊ ရေမြေ အားလုံး အပိုင်ဆုံးနှင့်၊ ဒေဝသိဒ္ဓိအစုံရှိပေသည့်၊ ညီမအငယ် ရေရှင်မယ်၊ ဤတွင်စုရုံး၊ မပါဦးဟု၊ အဆုံးမေတ္တာ၊ အဝေရာမှ၊ သဒ္ဒါမပြတ်၊ ဤပွဲမြတ်ကို၊ စောင့်ကြပ်ပါနော်၊ မင်းကတော်တို့။

## အမေရေရှင်နတ်သံ

မြောက်ခွင်ငယ်မှသာလှ၊ အမေလေးဝေးကကြွ၊ သားလှတစ်တွေ၊သမီးတစ်တွေတို့၊ကြိမ်ပိုက်တော်နှင့်မျှော့တောသူ၊နဂါးရုံနဲ့ မောင်းတုံသူတဲ့၊ နဂါးပွက်နဲ့ ရေထွက်သူ၊ ရေမရှား၊ ယမားသူတဲ့၊ သံတောင်မြို့ ရွှေဘိုသူ၊ သားတစ်တွေနဲ့သမီးတစ်တွေတို့၊ ကြိုရင်လေကြို၊ မကြိုလိုနေ၊ လူကိုလှဲ လူသည်းဆာပါဖုံးလို့၊ ကောင်လုံး အမယ်သုံးခဲ့မယ်၊ ဆင်ကိုလှဲဆင်သည်း ဆာပါဖုံးလို့၊ ကောင်လုံး အမယ်သုံးခဲ့တယ်၊ ကျားကိုလှဲ ကျားသည်းဆာပါဖုံးလို့၊ ကောင်လုံး အမယ်သုံးခဲ့တယ်၊ ကျွဲကိုလှဲ ကျွဲသည်း ဆာပါဖုံးလို့၊ ကောင်လုံး အမယ်သုံးခဲ့တယ်၊ ချေကိုလှဲ ချေသည်း ဆာပါဖုံးလို့၊ ကောင်လုံးအမယ်သုံးခဲ့တယ်၊ ဆပ်ကိုလှဲ ဆပ်သည်း ဆာပါဖုံးလို့၊ ကောင်လုံး အမယ်သုံးခဲ့တယ်၊ဆိတ်ကိုလှဲ ဆိတ်သည်း ဆာပါဖုံးလို့၊ကောင်လုံး အမယ်သုံးခဲ့တယ်၊ ဆိတ်ကိုလှဲ ဆိတ်သည်း ဆာပါဖုံးလို့၊ ကောင်လုံး အမယ်သုံးခဲ့တယ်၊ ကြက်ဖိုနဲ့ ကြက်မဆာပါဖုံးလို့ ကောင်လုံး အမယ် သုံးခဲ့တယ်။ ကျားနှင့်ရင်ဆိုင်၊ နပန်းရယ်ကိုင်၊ အမေနိုင်ခဲ့တဲ့ မိန်းမ၊မောင်ဖြိုးနှမ၊ အာဘော်ငယ် ကြမ်းပါတဲ့၊ ဓားထမ်းမတဲ့၊ မစမ်းကြနဲ့လေ၊ နဖူးပင် မောက်မောက်၊ နှာရောင်ပင်ကောက်ကောက်နဲ့၊ ကျားပြောက်ရွှေဝါ၊ တစ်ပွင့်ရဲ့ချာ၊ အမယ်စီးလို့လာ၊ ကြိုကြပါလား၊ အင်ပင်ပိုက် ချိုက်သော အခါတွင်၊ ရေပြည့်အိုး၊ မညှိုးပန်းလို့၊လန်းစေမယ်လေ၊ မယ့်ရင်ခွင်တင်ကာ၊ ငယ်ကြူးပါတဲ့ ကတူးသူတဲ့။

## ရေရှင်ကတော်ပြန်ပို့အလွမ်း

သြော်… ချစ်ခင်မဝ၊ ကြင်နာလှ၊ သားများရတနာ၊ သမီးတကာနဲ့၊ နီးရလေသာ၊ အမေ့မှာ မနေသာလို့၊ ပြည်ရွာဒေသ၊ ခဏမကြာ၊ မြန်းကြွမှာကြောင့်၊ လွမ်းလှပါတဲ့မှ လွမ်းလှပါ။မသွေစဉ်ပ၊ ရွှေရင်ဝ၊ ဗွေအင်ခလာ၊ ချွေရွှေခင်လှ၊ အမေရေရှင်က၊ မှာခဲ့မှာ၊ မှတ်စရာ၊ ဗုဒ္ဓါ၊ ဓမ္မာ၊ မြတ်သံဃာနဲ့မိဘနှစ်ဖြာ၊ မြတ်ဆရာကို၊ ရှိသေညောင်းလို့၊ စိတ်ကောင်းအောင် နေပါတဲ့မှ၊ စိတ်ကောင်းအောင် နေကြပါ။သပြေပင်ရယ်လေ၊ ရေရှင်တဲ့ စံနန်း၊ မြွေးမေ ပြန်မယ့်လမ်းမို့၊ ကျားညိုက ကြမ်း။ ။

## အမေရေရှင်စံခန်းရတု

[http://www.yinmarbin.org](http://www.yinmarbin.org)

တောင်တန်းနယ်မှာ၊ ရှုခင်းသာဆန်း၊ စိမ့်ရေစမ်းနဲ့၊ လွမ်းဖွယ့်ဂနိုင်၊ ဖြိုင်ဖြိုင်တွေစီး၊ တံခွန်ကြီးမှ၊ စီးကျ သွင်သွင်၊ ရှုတိုင်းယဉ်သည်၊ အညီဘာဝ၊ နတ်ဖန်သ၍၊ ဓလေ့လွမ်းသည်၊ ရှမ်းနေပြည်ဝယ်၊ ထည်ထည်ခေါ်ငြား၊ တော်ဘုရားဟု၊မော်ကြွားစေစစ်၊ ပဒေသရာဇ်တွင်၊ ရင်နှစ်သမီး၊ ချစ်မငြီးသည့်၊ ထီးထီးလျှံထိန်၊ မနန်းစိန်နှင့်၊ တစ်ဆင့်ဖွားလာ၊ သားတစ်ဖြာမှာ၊သာယာချစ်ဖြိုး၊ မောင်မင်းဖြိုးဟု၊ ယခုခေါ်တွင်၊ တောင်ဦးဘုရင်မှာ၊ ခင်မင် မဝ၊ ကြင်နာကြ၍၊ တစ်နေ့သောအခါ၊ ပြည်မြန်မာမှ၊ကျစွာဘုရင်၊ ပေါက္ကံရှင်သည်၊ လှည့်လည်နယ်ကျော်၊ မောပြည်တော်သို့၊ ရောက်သော်ဟော်နန်း၊ မျှော်ရည်မှန်းလို့၊ မနန်းစိန်ကို၊ချစ်ကျွမ်းပိုကာ၊ ကောက်ယူလာပြီး၊ သိင်္ဂီထီးနှင့်၊မြောက်ချီးသည်ကား၊ မိဘုရားဟု၊ ဗိုလ်ရှုညီလာ၊ ခံစေရာဝယ်၊ သွယ်သွယ်တို့နောက်၊ လွန်ပြီး မြောက်သော်၊ မပျော်လှကာ၊ ယောပြည်ရွာသို့၊ ပြောင်းလာကြောင်းစုံ၊ ရွာမောင်းတုံသို့၊ တစ်ဖုံဟော်နန်း၊ ပျော်စံမြန်းကာ၊ ပတ်သန်းမြေပြင်၊ ရေပင်ရှင်တို့၊ သွင်သွင်မစဲ၊ ကုန်နိုင်ခဲသည်၊ အံ့ပွဲမည်ရ၊ သည်က စတင်၊ တစ်မြေပြင်တွင်၊တစ်ရေရင်ဟု၊ ရှုကြကိုးသော်၊ ဟိုးဟိုးကြော်သည်၊ အညီခေါင်မိုး၊ မောင်ဖြိုးအစ်မ၊ အာဘော် ကြမ်းလှ၊ ဓားထမ်းမကို၊ကြွစေလိုအား၊ သည်ကနားကို၊ ကျားပြောက်ရွှေဝါ၊ တစ်ပွင့်ချာကို၊အချို့ဘုံခန်း၊ မောင်းတုံနန်းက၊ လှမ်းကြွစေချင်၊မေရေရင်ကို၊ ကြိုဆိုမျှော်မှန်း၊ ကန်တော့ပန်းနှင့်၊ သားချစ်အမေ၊ သမီးတွေက၊ ရှိသေခညောင်း၊ ပင့်ကာကြောင်းပြု၊ ယခုအမေ ကြွလာစေဘုရား။

စံခန်းတေးထပ်

တစ်မြေပြင် နေသွင်လမ်း၊ ရေရင်နန်းမှာ၊ ရွှေစင်ပန်းတော်မဟာပါ၊ မျှော်ကာသာ ခစား၊ (သားရင်နှစ် မသွေခင်သော်)၂ ရေရင်ကတော် ကြွလှမ်းပါတော့ဘုရား။(ရင်ခွင်ပိုက် သားမဟာပါ) ၂ သနားညှာထပ်ပွား၊ (ကြွားစရာ နတ်သားပ၊ မှတ်ညားကြစေရာ) ၂ ရွှေဆာပါစီးတော်ကျား၊ အပြီးနော် ဓားထမ်းတဲ့ အမေပါ။ (တေဇောတန်ခိုး မညှိုးကျော်စရာ) ၂ (ကျိုးမျှော်ကာစိတ်မှာစောလို့၊လိပ်ပြာနှော၊ ဆောမကြာ၊ ဟောကြွလာပါ)၂ (ရေရင်သမ်းတဲ့နန်းမြေပြင်မှာ) ၂စန်းငွေသွင်ထင်လင်းကျော်မယ့်သား။

“ ရိုးရာ နတ်ယုံကြည်မှုနှင့် ဓလေ့ထုံးစံများ – ခင်မောင်သန်း(စိတ်ပညာ) ”စာအုပ်မှ ကူးယူတင်ပြထားခြင်း ဖြစ်ပါသည်။